


# အကဲဖြတ် အချက်အလက်များ။

AEAS®

AEAS® အေအီးအေအက်စ် အကဲဖြတ်ခြင်းသည် ဩစတြေးလျားနိုင်ငံနှင့် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားပို့ချသော အခြားနိုင်ငံများမှကျောင်းများတွင် ပညာသင်လိုကြသည့် အင်္ဂလိပ်ဘာသာနောက်ခံ မဟုတ်သော နိုင်ငံများမှ မူလတန်းနှင့် အထက်တန်း ကျောင်းသူ ကျောင်းသားများ အတွက် သီးသန့် စီစဉ်ထားသည့် ကျယ်ပြန့်ပြည့်စုံသော စာမေးပွဲစစ်ခြင်းများကို ဆောင်ရွက်ပေးသည်။

အေအီးအေအက်စ် အနေနှင့် နှစ်ပေါင်း ၃၀ နှစ်ကျော် နိုင်ငံတကာမှ ကျောင်းသူကျောင်းသားများအား စာမေးပွဲစစ်ဆေးပေးခဲ့ရာ ဩစတြေးလျား ပုဂ္ဂလိက ကျောင်းများနှင့် အစိုးရကျောင်းများသာမက ကမ္ဘာအနှံ့မှ ကျောင်းများပါ ယင်းဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါသည်။

အေအီးအေအက်စ် အကဲဖြတ်ခြင်းဆိုင်ရာ အစီရင်ခံစာသည် ကျောင်းသူကျောင်းသားတို့၏ လုပ်နိုင်စွမ်းကို ရှင်းလင်းကျယ်ပြန့်ပြည့်စုံစွာ တင်ပြသဖြင့် သူတို့ ကျောင်းဝင်ခွင့် လျှောက်ထားရာမှာ အထောက်အကူ ပြုပါလိမ့်မည်။ တင်ပြသည့် အချက်အလက်တို့သည် ကျောင်းဝင်ခွင့်ကိုင်သော ဝန်ထမ်းအတွက်ရော မိဘများနှင့်ကိုယ်စားလှယ်အတွက်ပါ အရေးကြီးပါသည်။ အေအီးအေအက်စ် အစီရင်ခံစာကို အသုံးပြုလျက် ကျောင်းဝင်ခွင့်ကို အတည်ပြုခြင်းသည် အများအားဖြင့် အဆင့်အတန်းရှိသော အထက်တန်းကျောင်းပညာ အပြီးသတ်ရန် ကျောင်းသား၏ ပထမ ခြေလှမ်းပင်ဖြစ်သည်။ သူတို့သည် ဩစတြေးလျားနိုင်ငံနှင့် ကမ္ဘာအနှံ့ရှိ အဆင့်အမြင့်ဆုံး တက္ကသိုလ် နှင့် ကောလိပ်များသို့ ဆက်လက်ပညာသင်ယူနိုင်ရန်အသင့်ဖြစ်နေပေမည်။ အေအီးအေအက်စ် အကဲဖြတ်ခြင်းကို လက်ခံသည့်ကျောင်းများစာရင်းကို **www.aeas.com.au** တွင်ရှုကြည့်နိုင်ပါသည်။

## ထောက်ခံစာ။

"အေအီးအေအက်စ် စာမေးပွဲသည် ကျောင်းမှာဖြေရတဲ့ စာမေးပွဲများနဲ့ မတူပါ။ စာမေးပွဲ အောင်သည်၊ ကျသည် လို့ မသတ်မှတ်ပါ။ မိမိအနေနှင့် မည်သည့်အင်္ဂလိပ်ဘာသာရပ် ကျွမ်းကျင်မှု လိုနေသေးသလဲ ဆိုတာကိုသာ ဖော်ပြပါသည်။ အေအီးအေအက်စ် အစီရင်ခံစာက ကျွန်တော့အနေနဲ့ ပြင်းပြင်းထန်ထန် ကြိုးပမ်းရသော အင်္ဂလိပ်ဘာသာသင်တန်း ဘယ်လောက်လိုတယ်ဆိုတာကို အကြံပြုခဲ့ပါတယ်။ အဲဒီ ဘာသာရပ်ကို ကျွန်တော် တက်ခဲ့လို့ ကျောင်းလာတက်တဲ့အချိန်မှာ အင်္ဂလိပ် ဘာသာစကား တော်တော်ကျွမ်းကျင်လာပြီး ဖြစ်ခဲ့ပါသည်။ ကျောင်းသစ်တွင် မိတ်ဆွေသူငယ်ချင်းကောင်းများ တော်တော်များများ ပေါင်းသင်းခဲ့ရပြီး စာမေးပွဲအောင်မှတ်လဲ ကောင်းခဲ့ပါသည်။ နိုင်ငံခြားတွင် ပညာသွားသင်ရေး အတွက် ကြိုတင်ပြင်ဆင်ရန် အကောင်းဆုံးနည်းကတော့ အေအီးအေအက်စ် စာမေးပွဲ ဖြေဆိုခြင်းဘဲ ဖြစ်ပါတယ်။

*တော်မ် ငုယင်။ ဗီယက်နမ်။*

ကျွန်မသမီးကို နိုင်ငံခြားမှာ ပညာသင်ဖို့ ပို့မယ်လို့ ဆုံးဖြတ်လိုက်ပြီး၊ အဲဒီကိစ္စ ဘယ်ကစ လုပ်ရမလဲဆိုတာ မသိခဲ့ဘူး။ ကျွန်မရဲ့ ပညာသင်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်က အေအီးအေအက်စ် အကဲဖြတ်စစ်ဆေးခြင်းကို အကြံပေးခဲ့ပါတယ်။ ဒီလို အကဲဖြတ်လိုက်တာ ကျွန်မတို့ လုပ်နိုင်တဲ့နည်းလမ်းတွေအထဲမှာ အကောင်းဆုံး ဖြစ်နေပါတယ်။ စစ်ဆေးမှုပေါ် တည်၍ ကျောင်းတက်ရန် ဘယ် စာသင်နှစ်အဆင့်အတန်းကို တက်သင့်တယ် ဆိုတာကို ညွှန်းလိုက်တယ်။ ပြင်းပြင်းထန်ထန် ကြိုးပမ်းရသော အင်္ဂလိပ်ဘာသာ သင်တန်းဘယ်လောက်တက်ဖို့လိုသလဲ၊ ကျွန်မတို့ ဝင်ခွင့်လျှောက်ထားတဲ့ ကျောင်းများဆီကိုလဲ သမီးရဲ့ အားသန်ချက်များကို ရှင်းရှင်းလေး တင်ပြခဲ့ပါတယ်။ ကျောင်း စတင်တက်မဲ့ နေ့ရက် ရွေးချယ်ရာမှာရော၊ ငွေရေးကြေးရေး ကုန်ကျစရိတ် တွက်ချက်စီမံ ရာမှာရော အလွန်အသုံးကျတဲ့ အချက်အလက်များကို ရရှိလိုက်ပါသည်။"

*ဒေါ်ကစ်တီ ချုံး။ ဟောင်ကောင်။*

## အေအီးအေအက်စ် အကဲဖြတ်ခြင်းတွင် အောက်ဖော်ပြပါများ ပါရှိသည်။

၁ | အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု

၂ | သင်္ချာနှင့်ဆိုင်သော စဉ်းစားဆင်ခြင်နိုင်စွမ်း

၃ | နှုတ်အားဖြင့် မဟုတ်သော အထွေထွေ တတ်ကျွမ်းမှု

စာမေးပွဲစစ်ချိန် ၃ နာရီခန့်ကြာပါသည်။

ကျောင်းသူကျောင်းသားများအနေနှင့် စာမေးပွဲကို မိမိအသက်နှင့် တက်ရန်လျှောက်ထားသည့်အတန်းပေါ် မူတည်၍ ဖြေဆိုရပါသည်။ ဥပမာပြရလျှင် - လက်ရှိ စာသင်နှစ် ၉ အတန်းမှ ကျောင်းသားသည် လာမည့်နှစ်တွင် စာသင်နှစ် ၁၀ အတန်းတက်ရန် လျှောက်ထားလျှင် စာသင်နှစ် ၁၀ - ၁၂ အင်္ဂလိပ်ဘာသာစကား စာမေးပွဲ နှင့် စာသင်နှစ် ၁၀ သင်္ချာ နှင့် အထွေထွေစွမ်းရည် စာမေးပွဲများကို ဖြေဆိုရပါမည်။

အေအီးအေအက်စ် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု စာမေးပွဲ ရလဒ်သည် အောင်သည်၊ ကျသည်၊ မဟုတ်ပါ။ စာမေးပွဲ၏ ရလဒ်သည် ကျောင်းသားတစ်ယောက် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသည့် ပတ်ဝန်းကျင်အတွင်း နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်စွမ်း မည်မျှရှိသည်ကို တိတိကျကျ ဖော်ပြနိုင်သည်။

### အင်္ဂလိပ်ဘာသာ = စာသင်နှစ် ၁၀ - ၁၂

စာမေးပွဲ များ စာသင်နှစ်  ၁၀ -၁၂ အတန်း တက်မည့် ကျောင်းသားများအတွက် အထူး တီထွင်ထားခြင်းဖြစ်ပါသည်။

- **ဝေါဟာရ** – ( မိနစ် ၂၀ ကြာမည် ) ဖြစ်နိုင်သော အဖြေများထဲမှ အမှန်ကို ရွေးချယ်ရသောမေးခွန်းများ နှင့် တွဲဖက်ညီသောစာလုံးများ တွဲပေးခြင်း၊ ဝါကျအတွင်း ဟာကွက်များကို ဖြည့်ပေးခြင်း၊ စသည်တို့ပါရှိသည်။
- **စာဖတ်ခြင်းအမှု ကဘောပေါက်ခြင်း** – ( မိနစ် ၃၀ ကြာမည် ) ဖြစ်နိုင်သော အဖြေများထဲမှ အမှန်ကို ရွေးချယ်ရသောမေးခွန်းများ နှင့် တွဲဖက်ညီသောစာလုံးများ တွဲပေးခြင်း၊ ဝါကျအတွင်း ဟာကွက်များကို ဖြည့်ပေးခြင်း၊ ပုံကြမ်းကို အပြီးသတ်ခြင်း စသည်တို့ပါရှိသည်။
- **စာ အရေးအသား ကျွမ်းကျင်မှု** – ( မိနစ် ၃၀ ကြာမည် ) ကျောင်းသားများသည် မိမိတို့၏အသက်အရွယ်နှင့်လူမှုရေးနောက်ခံနှင့် သက်ဆိုင်သောစိတ်ဝင်စားဖွယ် အကြောင်းအရာကို စာလုံးရေ ၂၀၀ ခန့်ရေးသားရမည်။
- **နားထောင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု** – ( မိနစ် ၂၀ ကြာမည် ) ဖြစ်နိုင်သော အဖြေများထဲမှ အမှန်ကို ရွေးချယ်ရသောမေးခွန်းများ နှင့် တွဲဖက်ညီသောစာလုံးများ တွဲပေးခြင်း၊ ဝါကျအတွင်း ဟာကွက်များကို ဖြည့်ပေးခြင်း၊ ပုံကြမ်းကို အပြီးသတ်ခြင်း စသည်တို့ပါရှိသည်။
- **စကားပြော** – ( ၁၀-၁၅ မိနစ် ကြာမည် ) စာမေးပွဲသည် စကားစမြည်ပြောသည့် လုပ်ငန်းတာဝန်အမျိုးမျိုး ပါရှိသည်။ ကျောင်းသားတို့သည် သတ်မှတ်ထားသည့် ခေါင်းစဉ်ကို အကျဉ်း တင်ပြခြင်း၊ ပြောဆိုရေးဖွဲ့ထားသည့် ပုံလွှာကို အပြီးသတ်ခြင်း၊ နှင့် ဆွေးနွေးခြင်း တို့ ပါဝင်သည်။။ စကားပြောသည့်စာမေးပွဲကို  အသံဖမ်းထားမည်ဖြစ်သည်။

### အင်္ဂလိပ်ဘာသာ - စာသင်နှစ် ၇ - ၉

စာမေးပွဲ ပုံစံသည် စာသင်နှစ် ၁၀ - ၁၂ စာမေးပွဲ ပုံစံနှင့် အလားတူပင် ဖြစ်ပါသည်။ စာမေးပွဲ များ စာသင်နှစ်  ၇ - ၉ အတန်း တက်မည့် ကျောင်းသားများအတွက် အထူး တီထွင်ထားခြင်းဖြစ်သည်။

- **ဝေါဟာရ** – ( မိနစ် ၃၀ ကြာမည် ) မေးခွန်းများတွင် တွဲဖက်ညီသောစာလုံးများ တွဲပေးခြင်း၊ ဝါကျအတွင်း ဟာကွက်များကို ဖြည့်ပေးခြင်း၊ နှင့်စာလုံးပေါင်း ပါရှိသည်။
- **စာဖတ်ခြင်းအမှု သဘောပေါက်ခြင်း** – ( မိနစ် ၃၀ ကြာမည် ) ဖြစ်နိုင်သော အဖြေများထဲမှ အမှန်ကို ရွေးချယ်ရသောမေးခွန်းများ နှင့် တွဲဖက်ညီသောစာလုံးများ တွဲပေးခြင်း၊ ဝါကျအတွင်း ဟာကွက်များကို ဖြည့်ပေးခြင်း၊ ပုံကြမ်းကို အပြီးသတ်ခြင်း စသည်တို့ပါရှိသည်။

- **စာ အရေးအသား ကျွမ်းကျင်မှု —** ( မိနစ် ၃၀ ကြာမည် ) ကျောင်းသားများသည် မိမိတို့၏အသက်အရွယ်နှင့်လူမှုရေးနောက်ခံနှင့် သက်ဆိုင်သောစိတ်ဝင်စားဖွယ် အကြောင်းအရာကို စာလုံးရေ ၁၅၀ ခန့်ရေးသားရမည်။
- **နားထောင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု —** ( မိနစ် ၂၀ ကြာမည် ) ဖြစ်နိုင်သော အဖြေများထဲမှ အမှန်ကို ရွေးချယ်ရသောမေးခွန်းများ နှင့် တွဲဖက်ညီသောစာလုံးများ တွဲပေးခြင်း၊ ဝါကျအတွင်း ဟာကွက်များကို ဖြည့်ပေးခြင်း၊ ပုံကြမ်းကို အပြီးသတ်ခြင်း စသည်တို့ပါရှိသည်။
- **စကားပြော —** ( ၁၀-၁၅ မိနစ်ကြာမည် ) စာမေးပွဲသည် စာသင်နှစ် ၁၀ - ၁၂ စာမေးပွဲနှင့် အလားတူပင် ဖြစ်ပါသည်။ အကြောင်းအရာများကို ကျောင်းသားများ၏အသက်နှင့် အတန်းနှင့် အံဝင်ခွင်ကျ ဖြစ်အောင် စီမံထားပေးသည်။ စကားပြောသည့်စာမေးပွဲကို  အသံဖမ်းထားမည်ဖြစ်သည်။

## အင်္ဂလိပ်ဘာသာ - စာသင်နှစ် ၄ - ၆

စာမေးပွဲ ပုံစံသည် စာသင်နှစ် ၇ - ၉ စာမေးပွဲ ပုံစံနှင့် အလားတူပင် ဖြစ်ပါသည်။ စာမေးပွဲ များ စာသင်နှစ်  ၄ - ၆ အတန်း တက်မည့် ကျောင်းသားများအတွက် အထူး တီထွင်ထားခြင်းဖြစ်သည်။

## သင်္ချာနှင့်ဆိုင်သော စဉ်းစားဆင်ခြင် နိုင်စွမ်း။

သင်္ချာနှင့်ဆိုင်သော စဉ်းစားဆင်ခြင်နိုင်စွမ်း စာမေးပွဲသည် ၄၅ မိနစ် ကြာမည်ဖြစ်သည်။ ကျောင်းသားတက်လို၍ လျှောက်ထားသည့် စာသင်နှစ် အတန်းပေါ်မူတည်လျက် မတူဘဲကွဲပြားသော စာမေးပွဲ မေးခွန်းလွှာများကို အသုံးပြုပါသည်။ စာမေးပွဲသည် သင်္ချာနှင့်ဆိုင်သော စဉ်းစားဆင်ခြင်နိုင်စွမ်းကို အကဲဖြတ်သည်။ သင်ရိုးညွှန်းတမ်းပေါ် အခြေခံထားခြင်း မရှိပါ။ မေးခွန်းများသည် ဖြစ်နိုင်သော အဖြေများထဲမှ အမှန်ကို ရွေးချယ်ရသော မေးခွန်းမျိုးဖြစ်သည်။

တိကျမှန်ကန်သော အဖြေ ရရေးအတွက် ကျောင်းသားတို့သည် သင်္ချာနှင့်ဆိုင်သော စဉ်းစားဆင်ခြင်နိုင်စွမ်း စာမေးပွဲ များကို လေ့ကျင့်မထားရ။

## အထွေထွေ စွမ်းရည်

အထွေထွေ စွမ်းရည် စာမေးပွဲသည် ဘာသာစကားတတ်ကျွမ်းမှု လုံးဝ မပါ၊ မိနစ် ၃၀ ခန့်အတွင်း ပြီးစီးနိုင်သည်။ စာမေးပွဲသည် ကျောင်းသား၏ အထွေထွေ စွမ်းရည်ကို ဖေါ်ထုတ်မည့်  ဖြစ်နိုင်သော အဖြေများထဲမှ အဖြေမှန်ကို ရွေးချယ်ရသော မေးခွန်းပုံစံမျိုးဖြစ်၍ စကားပြောရန်မလိုပါ။ စုစုပေါင်းရရှိသောအမှတ်က ဉာဏ်ရည်အစွမ်း ဆန္ဒုန်း ဖေါ်ထုတ်ပြနိုင်လျက် အတိအကျ သင်ခဲ့သည့် ဘာသာရပ်များနှင့် မသက်ဆိုင်ပါ။ တိကျမှန်ကန်သော အဖြေ ရရေးအတွက် ကျောင်းသားတို့သည် အထွေထွေ စွမ်းရည် စာမေးပွဲ များကို လေ့ကျင့်မထားရ။

## စာမေးပွဲအတွက် လေ့ကျင့်ရန် အချက်အလက်များ

စာသင်နှစ် ၄ - ၆၊ စာသင်နှစ် ၇ - ၉ နှင့် စာသင်နှစ် ၁၀ - ၁၂ အတန်းများအတွက် အင်္ဂလိပ်ဘာသာ လေ့ကျင့်ရန် အချက်အလက်များ ရနိုင်ပါသည်။ စာမေးပွဲအတွက် လေ့ကျင့်ရန်အချက်အလက်များ ဝယ်ယူပုံနှင့် ပတ်သက်၍ သိရှိလိုသည်များ ရှိပါက **www.aeas.com.au/practice-test-materials/overview** ကြည့်ရှုပါ။

## စာမေးပွဲအတွက် စာရင်းသွင်းပုံ

စာမေးပွဲစစ်သည့်ဌာနများ ကမ္ဘာအနှံ့ တရုတ်ပြည်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ တိုင်ဝမ်၊ ထိုင်းနိုင်ငံ၊ နှင့် ဗီယက်နမ် စသဖြင့် နိုင်ငံပေါင်း ၂၅ နိုင်ငံမက တွင်ရှိပါသည်။ ဩစတြေးလျား တွင်လည်း စာစစ်ဌာနများ ရှိပါသည်။ အေအီးအေအက်စ် ဝက်ဘ်ဆိုက်ပေါ်တွင် မတင်ပြထားသော နေရာများတွင်လည်း တောင်းခံလာပါက မှန်မှန် စီစဉ်စစ်ဆေးပေးပါသည်။ ပိုမိုသိလိုသေးလျှင် အေအီးအေအက်စ် ကို ဆက်သွယ်ပါ။


စာမေးပွဲကျင်းပမည့်နေရာများ၊ စာရင်းသွင်းပုံ၊ စာမေးပွဲကြေးနှင့် ငွေပေးချေပုံ လုပ်ငန်းစဉ်များအတွက် **www.aeas.com.au/how-to-register** တွင် ကြည့်ရှုပါ။

## စာမေးပွဲဖြေဆိုရာသို့ ဘာတွေယူလာရမှာလဲ။

- ပါးစပုတ် ဓါတ်ပုံ (လောလောဆယ် ဓါတ်ပုံ ဖြစ်ပြီး ကျောင်းသားနာမည်ကိုနောက်ကျောတွင်ထင်ထင်ရှားရှားရေးထားရမည်)
- ကျောင်းမှ ကျောင်းသား ကိုယ်ရေးမှတ်တမ်း နှင့် မိတ္တူ ၁ စောင် (ဘာသာပြန်ပြီး)
- နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံကတ်ပြား မူရင်းနှင့် မိတ္တူ ၁ စောင်။
- အနက်ရောင် ကလောင်ဖောင်တိန်(များ)
- စာမေးပွဲအတွက် အတည်ပြုခြင်း အီးမေးလ်မိတ္တူ

မိုဘိုင်းဖုန်းနှင့် အီလက်ထရွန်နစ် ဘာသာပြန် ကိရိယာ တို့ကို စာမေးပွဲအခန်းထဲသို့ ဘယ်တော့မှယူလာခွင့်မပြုပါ။

စာမေးပွဲ စစ်ရာတွင်သုံးသည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများဆိုင်ရာ အချက်အလက်များကို **www.aeas.com.au**. ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့သည် အေအီးအေအက်စ် စာမေးပွဲ ဖြေပြီးသည့်နေ့မှ ၃ လ အတွင်း နောက်ထပ်တစ်ကြိမ် ဖြေဆိုခွင့်မရှိပါ။




ဝင်ခွင့်လျှောက်ကြသည့် ကျောင်းသူကျောင်းသားတို့ကို စာမေးပွဲစစ်ပြီး လက်ခံသောကျောင်းသည် ကျောင်းသူကျောင်းသားများ ကျောင်းစတက်ရမည့်နေ့ကို ဆုံးဖြတ်ရာတွင် အေအီးအေအက်စ် မှ အဆိုပြုအကြံပေးထားသော ပြင်းပြင်းထန်ထန်ကြိုးပမ်းရသော အင်္ဂလိပ်ဘာသာ အစီအစဉ်အတွက် လိုအပ်မည့် အချိန်ရက်သတ္တပတ်ပေါင်းကို ထည့်သွင်း စဉ်းစားပါ။ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချသော ပတ်ဝန်းကျင်တွင် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု တိုးတက်ရရှိရေးအတွက် အချိန် အလုံအလောက် ပေးသင့်သည်။ ကျောင်းများအနေနှင့် သင်တန်းစတင်ချိန်တွင် ကျောင်းသူကျောင်းသားများ အရန်သင့် ဖြစ်မဖြစ် သိရအောင် စာမေးပွဲ ထပ်မံ စစ်ခွင့်ရှိပါသည်။

အကဲဖြတ်ခြင်းဆိုင်ရာ အစီရင်ခံစာကို ဩစတြေးလျားရှိ အေအီးအေအက်စ် ရုံးချုပ်မှ ပြုစုရေးသားပြီး မိတ္တူတွေကို အောက်ပါတို့ထံ ပို့ပေးပါမည်။

- လျှောက်ထားသည့်ကျောင်း (များ) ထံသို့
- ကျောင်းသူကျောင်းသားများ / မိဘများ
- ပညာရေးအတွက်ကိုယ်စားလှယ်ထံ (စာမေးပွဲအတွက် စာရင်းသွင်းစဉ်က ပါရှိလျှင်)

အေအီးအေအက်စ် အကဲဖြတ်ခြင်းဆိုင်ရာ အစီရင်ခံစာသည်

- မိဘများနှင့် ပညာရေးကိုယ်စားလှယ်အား ကျောင်းသား၏လိုအပ်ချက်နှင့်လုပ်နိုင်စွမ်းနှင့် အကိုက်ညီဆုံး ကျောင်းကို ရွေးထုတ်နိုင်အောင် ကူညီမည်ဖြစ်သည်။
- ကျောင်းသား၏ကျွမ်းကျင်မှုများကို နားလည်စေလျက် ကျောင်းများကိုလျော်ကန်သော ဘာသာတွဲများတွင် စာရင်းသွင်းရန် ကမ်းလှမ်းနိုင်အောင် ကူညီလိမ့်မည်။
- ကျောင်းသား၏ လက်ရှိ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုကို ဖေါ်ထုတ်ပြသ ပေးမည်။
- ကျောင်းသူကျောင်းသားများ လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှု မရှိမီ အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားပို့ချသောကျောင်းသို့ တက်မိသည့် အန္တရာယ်ကို နည်းနိုင်သမျှ နည်းစေပါမည်။
- ပြင်းပြင်းထန်ထန်ကြိုးပမ်းရသော အင်္ဂလိပ်ဘာသာ အစီအစဉ် ပါဝင်သည့် နိုင်ငံခြားတွင် ပညာသင်ရေးအတွက် မိဘများအနေနှင့် အသုံးစရိတ် သတ်မှတ်ရာမှာလဲ ကူညီပါလိမ့်မည်။

*ကျောင်းသူကျောင်းသားများသည် စာမေးပွဲအတွက် ပြင်ဆင်ပေးသော သင်တန်းများကို တက်ရောက်ထားခြင်း မရှိရပါ။ အကြောင်းမှာ ယင်းတို့သည် မတိကျသော ရလဒ်များကို ရရှိစေနိုင်သောကြောင့် ဖြစ်သည်။ ကျောင်းသူကျောင်းသားများသည် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်အောင် ပြည့်ပြည့်စုံစုံ သင်ကြားပေးနိုင်ခြင်း မရှိသော ကျောင်းတစ်ကျောင်းကို တက်ရောက်ခဲ့ရလျှင် အကျိုးကျေးဇူး လျော့နည်းနိုင်သည်။ ကျောင်းသူကျောင်းသားများသည် မိမိတို့ အင်္ဂလိပ်ဘာသာစကား စွမ်းရည်တိုးတက်စေရန် အကောင်းဆုံးနည်းလမ်းအဖြစ် အင်္ဂလိပ်ဘာသာစကား သင်တန်းများကို ပြီးဆုံးအောင် တက်ရောက်ထားရန် အကြံပြုလိုပါသည်။

မကြာခဏ မေးလေ့ရှိသည့် မေးခွန်းများ အပါအဝင် သိလိုသေးသည့် အချက်အလက်များ ရှိသေးလျှင် အေအီးအေအက်စ်၏ ဝက်ဘ်ဆိုက် – **www.aeas.com.au** ကိုရှုပါ။

## စာရင်းသွင်းလျှောက်ထားရန်လုပ်ထုံးလုပ်နည်း





## အေအီးအေအက်စ် အကဲဖြတ်ခြင်း အစီရင်ခံစာ

အေအီးအေအက်စ် အကဲဖြတ်ခြင်း အစီရင်ခံစာတွင် အောက်ပါ အချက်အလက်များ ပါရှိပါလိမ့်မည်။

- အင်္ဂလိပ်စာမေးပွဲခွဲ တစ်ခုစီမှ ရမှတ်များ နှင့် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုဆိုင်ရာ စုစုပေါင်းအမှတ် ၁၀၀ မှ ရရှိသည့်အမှတ်။
- ပြင်းပြင်းထန်ထန်ကြိုးပမ်းရသော အင်္ဂလိပ်ဘာသာ အစီအစဉ်အတွက် လိုအပ်မည့် အချိန်ရက်သတ္တပတ်ပေါင်းကို အကြံပြု ထောက်ခံပေးခြင်း။
- အထွေထွေစွမ်းရည် နှင့် သင်္ချာနှင့်ဆိုင်သော စဉ်းစားဆင်ခြင်နိုင်စွမ်း စာမေးပွဲများတစ်ခုစီအတွက် မပြုပြင်ရသေးသော ရမှတ် အကြမ်းနှင့် စံကျအောင်ပြုလုပ်ထားသည့် ရမှတ်။
- ဩစတြေးလျားနိုင်ငံအတွင်း တက်သင့်သည့်ကျောင်းအဆင့်ကို အကြံပြု ထောက်ခံပေးခြင်း။

| ရမှတ် | အဆင့် | ရက်သတ္တပတ်များ အထက်တန်းကျောင်းဝင်ရန် စာသင်နှစ် ၁၀ - ၁၂ | ရက်သတ္တပတ်များ အလယ်တန်းကျောင်းဝင်ရန် စာသင်နှစ် ၇ - ၉ | ရက်သတ္တပတ်များ မူလတန်းကျောင်းဝင်ရန် |
|---|---|---|---|---|
| ၀-၂၅ | စတင်သင်ယူ | ရက်သတ္တပတ် ၄၀-၄၈ | ရက်သတ္တပတ် ၃၀-၄၀ | ရက်သတ္တပတ် ၁၂-၂၀ |
| ၂၆-၃၅ | မူလ အခြေခံ | ရက်သတ္တပတ် ၃၀-၄၀ | ရက်သတ္တပတ် ၂၀-၃၀ | ရက်သတ္တပတ် ၆-၁၂ |
| ၃၆-၄၅ | ဥပစာအကြို | ရက်သတ္တပတ် ၂၀-၃၀ | ရက်သတ္တပတ် ၁၂-၂၀ | ရက်သတ္တပတ် ၄-၆ |
| ၄၆-၆၀ | ဥပစာအလယ် | ရက်သတ္တပတ် ၁၂-၂၀ | ရက်သတ္တပတ် ၈-၁၂ | ၀ |
| ၆၁-၇၀ | ဥပစာ အထက် | ရက်သတ္တပတ် ၈-၁၂ | ရက်သတ္တပတ် ၄-၈ | ၀ |
| ၇၁-၈၀ | အဆင့်မြင့် အကြို | ရက်သတ္တပတ် ၄-၈ | ရက်သတ္တပတ် ၀ | ၀ |
| ၈၀+ | အဆင့်မြင့် အထက် | ရက်သတ္တပတ် ၀ | ရက်သတ္တပတ် ၀ | ၀ |






**ဩစတြေးလျှား ပညာရေး အကဲဖြတ်ခြင်း ဝန်ဆောင်မှုများ (အေအီးအေအက်စ်)**
အေဘီအယ်န်၊ (ဩစတြေးလျှား လုပ်ငန်း နံပါတ်) ၆၈ ၁၀၈ ၃၇၀ ၇၇၀

**ရုံးချုပ်**
ပထမ အထပ်၊ ၃၈၃ ကလယ်ရယ်အင်ဒွန် လမ်း တောင် မယ်လဗုံး၊ ၃၂၀၆ ဩစတြေးလျှား။

တယ်လီဖုန်းနံပါတ်။ ၆၁ ၃ ၉၆၄၅ ၀၀၇၇
အီးမေးလ် admin@aeas.com.au
ဝက်ဘ်ဆိုက် www.aeas.com.au

AEAS Australia

**Australian Schools Application System**
ဝက်ဘ်ဆိုက် www.aeasschools.aeas.com.au

**တရုပ်ပြည် ရုံး၊ ပီကင်း**

တယ်လီဖုန်းနံပါတ်။ ၈၆ ၁၀ ၈၄၅၄ ၉၁၄၇
အီးမေးလ်။ infochina@aeas.com.cn


AEAS®

30 YEARS OF QUALITY INTERNATIONAL STUDENT ASSESSMENTS

BURM12/17